## ၁။ အနီရောင်အုန်းပိုး

**Red palm weevil: *Rhynchophorus ferrugineus* (Olivier, 1790)**

**Coleoptera: Curculionidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



အုန်းပိုးအကောင်ကြီးသည် နီညိုရောင်ရှိပြီး ခန္ဓာကိုယ်မှာ (၃၅) မီလီမီတာခန့် ရှည်၍ (၁၀) မီလီမီတာခန့်ကျယ်ကာ ရှည်လျှားသောနှာတံပါရှိသည်။ ခန္ဓာကိုယ်အလယ်ပိုင်း၏ အပေါ်ဘက်တွင် လွယ်ကူစွာတွေ့မြင်နိုင်သည့် အနက်ရောင်အစက်အပြောက်များ ပါရှိသည်။ ဦးခေါင်းပိုင်းနှင့်နှာတံသည် ခန္ဓာကိုယ်အရှည်၏ သုံးပုံတစ်ပုံခန့်ရှည်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးကျရောက်မှု အစောပိုင်းကာလတွင် ဖျက်ဆီးပုံလက္ခဏာ ရှာတွေ့ရန် အလွန်ခက်ခဲ သည်။ ဆီအုန်းပင်များကို ဆိုးရွားစွာဖျက်ဆီးပြီးမှသာ ပိုးကျရောက်မှုကို ထင်ရှားစွာ တွေ့မြင် နိုင်သည်။ ဆီအုန်းပင်များကို သေချာစွာ စစ်ဆေးလျှင် အောက်ပါလက္ခဏာများ တွေ့ပါက အုန်းပိုးကျရောက်နေသည်ကို သိရှိနိုင်ပါသည်။

- ပင်စည်ပေါ်ရှိ ပိုးပေါက်များထဲမှ ကိုက်ဖြတ်ထားသော အပင်အစိတ်အပိုင်းများ နှင့် အညိုရောင်အချွဲရည်များ ထွက်ကျနေခြင်း၊
- ဆီအုန်းပင်စည်အနားသို့ကပ်၍ သေချာစွာနားထောင်လျှင် ပိုးလောက်ကောင်အစာ ကိုက်စားနေသောအသံများ ဆူငြံနေခြင်း၊
- ညှိုးနွမ်းနေသော ဆီအုန်းအဖူး/အကိုင်းအခက်များ ဖြစ်ပေါ်နေခြင်း

**ဘဝစက်ဝန်း**

ဥ အဆင့် – (၂ – ၅ ) ရက်

လောက်ကောင်အဆင့်– (၃၆ –၇၈) ရက် (ပျမ်းမျှ– ၅၅) ရက်

ရုပ်ဖုံး အဆင့် – (၂–၃) ပတ်

အကောင်ကြီးအဆင့် – (၂–၃ ) လ

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပိုးကျရောက်မှုကို စဉ်ဆက်မပြတ် ကင်းထောက်ပါ။

(၂)ပိုးကျရောက်လျှက်ရှိသော အပင်အစိတ်အပိုင်းများ တွေ့ရှိပါက ချက်ချင်းဖျက်ဆီးပြီး ပိုင်းဖြတ်ထားသော အပင်အစိတ်အပိုင်း မျက်နှာပြင်အား ပိုးမွှားရောဂါဝင်ရောက်ခြင်းမှ ကာကွယ်ရန် ဓာတုပိုးသတ်ဆေး အသုံးပြုကာကွယ်ခြင်းနှင့် ရွှံ့ဖြင့်ဖုံးအုပ်ကာကွယ်ခြင်း များ ဆောင်ရွက်ပါ။

(၃)ပိုးကျရောက်သည့်အစောပိုင်းကာလတွင် ပင်စည်ပေါ်ရှိအပေါက်ထဲသို့ ပင်လုံးပြန့် ပိုးသတ်ဆေး ထိုးသွင်းကာကွယ်ပါ။

- ကာဘာရိုင်း(Carbaryl)

(၄) ဖိုရိတ် ၁၀ဂျီ (Phorate 10G)(သို့) ဖစ်ပရိုနေး ၃ ဂျီအာ (Fipronil 3GR) (သို့) ကာဘိုဆာလဖန် ၅ဂျီ (Carbosulfan 5G) အား(၅) ဂရမ်အထုပ်လေး များပြုလုပ် ၍အတွင်း အကျဆုံးဝင်ရိုး (၆)အူတိုင်တွင်/လတစ်ခါ ချိတ်ဆွဲပေးပါ။

(၅)ဖျက်ဆီးထားသည့်ဒဏ်ရာများအတွင်း ပိုးသတ်ဆေး ထည့်သွင်း ကာကွယ်ခြင်း၊ အရွက်မှာ များအကြား ပိုးသတ်ဆေးအမှုန့်နှင့်သဲအရော ထည့်သွင်းခြင်း ကာကွယ်ခြင်း၊ ပိုးကျအပင်၏ ရွက်အုပ်များကို ပိုးသတ်ဆေးဖျန်း၍ ကာကွယ်ခြင်းများ ဆောင်ရွက်ပါ။

(၆) ထိသေ၊စားသေ(သို့) ပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်းအတိုင်း အကောင်ရှိ သည့် နေရာရောက်အောင် ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- အဆီတာမီပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)
- ဒိုင်နိုတီဖြူရမ် (Dinotefuran)